# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 13 , 2022 Volume 61, Number 9

၁၃.၁၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၂၀၀၀ |
| ဒေါ်လာဈေး | = ၂၈၃၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၃.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၁၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၁၈၈ သန်းကျော် ဝင်ရောက်မြှုပ်နှံထားပြီး လက်ရှိတွင် စက်ရုံပေါင်း ၁၀၂ ခု လည်ပတ်လျက်ရှိ



https://news-eleven.com/article/241661

သီလဝါအထူးစီးပွားရေးဇုန်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလကုန်အထိ အထူးစီးပွားရေးဇုန်ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၁၈၈ သန်းကျော် ဝင်ရောက်မြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် A ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ဇုန် B ကိုလည်း အပိုင်းလိုက် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ စက်ရုံပေါင်း ၁၂၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းဒေါ်လာ ၂၁၄၉ သန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် စက်ရုံပေါင်း ၁၀၂ ခု လည်ပတ်လျက်ရှိကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုပေးခြင်းဖြစ်ကြောင်းသိရသည်။ လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားရှစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် နိုင်ငံတော်တည် ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများ တင်ပြကြရန် ဖိတ်ခေါ်ထားသည်။

ယင်းလုပ်ငန်းများမှာ (က)ဓာတ်မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ)ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဂ)သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ဃ)စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ၊ (င)တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ)လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ (ဆ)ဆေးဝါးနှင့် ကျန်းမာရေး

ဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ)အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဟု သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း၀၁-၆၅၈၁၃၂၊ ၀၉၂၀၁၃၈၂၁ email:dica@mptmail.net.mm နှင့် dica.ip.mm@gmail.com တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/241661

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၂၁၀၀ သတ်မှတ်ထားသော်လည်း ပြင်ပဈေးကွက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၂၈၂၅ ဝန်းကျင်ရှိနေ


https://news-eleven.com/article/241663

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေလဲနှုန်းတစ်ဒေါ်လာ ကျပ် ၂၁၀၀ သတ်မှတ်ထားသော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်ပဈေးကွက်၌ နိုင်ငံခြားငွေလဲနှုန်းတစ်ဒေါ်လာ ကျပ် ၂၈၂၅ ဝန်းကျင်ရှိနေကြောင်း နိုင်ငံခြားငွေကြေးရောင်းဝယ်သူများထံမှသိရသည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၂၇၀၀ ဝန်းကျင်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၂၉၅၀ ကျပ်၊ စင်ကာပူဒေါ်လာ ၂၁၀၀ ကျပ်၊ မလေးရှားရင်းဂစ် ၆၅၀ ကျပ်၊ ထိုင်းဘတ် ၈၁ ကျပ်၊ ဂျပန်ယန်း ၂၀.၅၀ ကျပ်၊ တရုတ်ယွမ် ၄၀၅ ကျပ်တို့ဖြစ်သည်။ နိုင်ငံခြားငွေများ တရားမဝင်ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သြဂုတ် ၂၇ ရက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

တရားမဝင်အွန်လိုင်းသတင်းမီဒီယာများမှ နိုင်ငံစီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်နှင့် အများပြည်သူများအား စိုးရိမ်ပူပန်မှုများ မြင့်တက်စေရန်ရည်ရွယ်ပြီး နိုင်ငံခြားငွေများပြတ်လပ်ကာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ မြင့်တက်ဖွယ်ရှိကြောင်း၊ စက်သုံးဆီများပြတ်လပ်မှုများဖြစ်ပေါ်ပြီး စက်သုံးဆီဈေးနှုန်းများ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း ဖော်ပြရေးသားလျက်ရှိပါသည်။

ကုန်ဈေးနှုန်းကြီးမားမှုကိုဖြစ်ပေါ်စေသော ပြင်ပအကြောင်းအရာများနှင့်ဆက်စပ်၍ စက်သုံးဆီဈေးနှုန်းများ ကျဆင်းရေးအတွက် နိုင်ငံခြားငွေများလွယ်ကူစွာရရှိနိုင်ရေး၊ ဘဏ်များ၊ စက်သုံးဆီတင်သွင်းသူ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး တိုင်းပြည်စီးပွားရေးကို အဓိကထိန်းကျောင်းပံ့ပိုးပေးနေသော ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ထိန်းညှိဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ တရားမဝင်သတင်းမီဒီယာများ၏ လှုံ့ဆော်မှုများကိုပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ကြောင့်ကြမှုများ မဖြစ်ကြပါရန်နှင့် နိုင်ငံခြားငွေဈေးနှုန်း ဆွဲတင်နေသူများ၊ အွန်လိုင်းမှ တရားမဝင်နိုင်ငံခြားငွေများ ရောင်းဝယ်သူများအပေါ် ယုံကြည်ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံခြားငွေများ တရားမဝင်ရောင်းဝယ်နေသည့် အွန်လိုင်းလုပ်ငန်းများကိုလည်း

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေနှင့်စည်းမျဉ်းများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံဗဟိုဘဏ်မှ ထပ်မံ၍အတိုးနှုန်းမြှင့်တင်မည်ဟု ကြေညာမှုများကြောင့် အမေရိကန်ဒေါ်လာအားကောင်းပြီး တန်ဖိုးတက်နေသဖြင့် ၎င်းနှင့်လဲလှယ်သည့် အခြားငွေကြေးများမှာ တန်ဖိုးကျဆင်းလျက်ရှိသည်။

**Source:** https://news-eleven.com/article/241663

## (၇)ကြိမ်မြောက် တရုတ်-အာဆီယံ တိုင်းရင်းဆေးပညာဖိုရမ်ကျင်းပ



https://www.myawady.net.mm/node/34007

(၇)ကြိမ်မြောက် တရုတ်-အာဆီယံတိုင်းရင်းဆေးပညာ ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့(ဒီဇင်ဘာ-၁၂) နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖန်ကျင်းကန်မြို့၌ Hybrid စနစ်ဖြင့်ကျင်းပသည်။ အခမ်းအနားတွင် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖန်ကျင်းကန်မြို့ အစိုးရအဖွဲ့ မြို့တော်ဝန် Huang Jiang က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဗီဒီယိုမိန့်ခွန်းပြောကြားရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများတွင် ဆေးဖက်ဝင်အပင်များ၊ ရိုးရာကုသနည်းများနှင့် တိုင်းရင်းဆေးပညာရှင်များသည် ကျန်းမာရေးစောင့်ရှောက်မှု၏ အဓိကရင်းမြစ်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် တိုင်းရင်းဆေးသုံးစွဲမှု များပြားလာကာ နိုင်ငံများ၏အစိုးရများကလည်း တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ အချို့သော ဆေးဖက်ဝင်အပင်မျိုးစိတ်များစွာသည် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အခြေအနေသို့ ကျရောက်လျက်ရှိကြောင်း၊ ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းရန်နှင့် မျိုးသုဉ်းပျောက်ကွယ်ရန် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များကိုကာကွယ်ရန် ဆေးဖက်ဝင်အပင်များကို စနစ်တကျစိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ဆေးဖက်ဝင်အပင်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေး၊ တိုင်းရင်းဆေးပညာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် အသုံးချနိုင်ရေးအတွက် နိုင်ငံအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ ကိုယ်စားလှယ်များအကြား တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အတွေ့အကြုံများ၊ သုတေသနဆောင်ရွက်မှုများ၊ ဘုံမူဘောင်များ၊ အမျိုးသားမူဝါဒများနှင့် အနာဂတ်ဦးတည်ချက်များကို ဆွေးနွေးဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားသည်။

ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တိုင်းရင်းဆေးပညာရှင်များ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းအခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်က in-person ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ တိုင်းရင်းဆေးပညာရှင်များက Online ဖြင့်လည်းကောင်း တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/34007

## ဝါးခယ်မမြို့နယ်၌ ဒီဇင်ဘာလ ငါးကန်များဖော်ချိန်တွင် မွေးမြူရေးငါးခူ ဈေးကောင်းရရှိနေ



https://www.myawady.net.mm

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ဒီဇင်ဘာလ ငါးကန်များဖော်ချိန်တွင် မွေးမြူရေးငါးခူ ဈေးကောင်းရရှိနေခြင်းကြောင့် ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း ဝါးခယ်မမြို့နယ်မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ခိုင်၏ ပြောကြားချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်၌ စက်တင်ဘာလ ငါးကန်များဖော်ချိန်က မွေးမြူရေးငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၅၀၀ ဈေးနှုန်းရရှိခဲ့သော်လည်း ဒီဇင်ဘာလ

ငါးကန်များဖော်ချိန်တွင်  မွေးမြူရေးငါးခူတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၉၅၀၀ အထိ ဈေးကောင်းရရှိလာကြောင်း သိရသည်။

“ဒီဇင်ဘာလက ဝါးခယ်မမြို့နယ်မှာ မွေးမြူရေးငါးကန်တွေ ဖော်တဲ့ကာလဖြစ်ပါတယ်။ ငါးကန်ဖော်တဲ့အချိန်နဲ့ ငါးခူ ဈေးကောင်းတဲ့အချိန် တိုက်ဆိုင်သွားတော့ ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါ တယ်။ လက်ရှိမှာ ငါးခူ တစ်ပိဿာကို ငွေကျပ် ၉၅၀၀ အထိ ဈေးတက်လာတယ်။ ဝယ်လက်တွေကလည်း အဝယ်လိုက်နေပါတယ်။ မနှစ်က အရှုံးပေါ်ခဲ့တဲ့ ငါးခူမွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ အခုလို ဈေးကောင်းလာတော့ အဆင်ပြေပါတယ်။ ဒီဇင်ဘာလမှာ ငါးခူ ဈေးကောင်းရတဲ့အတွက် နောက်တစ်ကြိမ်ထပ်မွေးရင် ငါးအကောင်ရေထပ်တိုးမွေးဖို့ စီစဉ်နေတဲ့သူတွေလည်းရှိလာ တယ်။ ဝါးခယ်မမြို့နယ်မှာက တခြားငါးမွေးမြူရေးလုပ်ငန်းတွေကိုလည်း လုပ်ကိုင်ပါတယ်။ ငါးခူကိုတော့ အဓိကမွေးမြူ တယ်။ ငါးခူက စတင်မွေးမြူချိန်ကနေ သုံးလကျော်ရင် ရောင်းချနိုင်ပါတယ်။ ငါးခူက အသားတင်ပြီး တွက်ခြေကိုက်လို့ မွေးမြူတဲ့သူများတယ်” ဟု  ဦးအောင်ကျော်ခိုင်က ပြောသည်။

ဝါးခယ်မမြို့နယ်၌ ဒေသခံများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းကို ပူးတွဲလုပ်ကိုင်ကြပြီး ငါးခူမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၆၇ ဦးရှိကြောင်းနှင့် ဝါးခယ်မမြို့နယ်မှ ဒေသထွက် မွေးမြူရေးငါးခူများကို ငါးအဝယ်များဒိုင်မှတစ်ဆင့် ရန်ကုန်မြို့ရှိဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/sites/default/files/121231_0.jpg

## ပင်းတယမြို့နယ်၌ ထောပတ်သီးများရောင်းချချိန် ဈေးကောင်းရ



https://www.foodindustrydirectory.com.mm

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ထောပတ်သီးများ စတင်ခူးဆွတ်ရောင်းချချိန် ဈေးကောင်းရရှိနေ၍ ထောပတ်သီး စိုက်ပျိုးရောင်းချသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိက ထားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီး ဒေသနှင့်ကိုက်ညီသော သီးပင်၊ စားပင်နှင့်ပန်းပင်များကို မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် စိုက်ပျိုးရေး နည်းပညာများအသုံးပြု၍ စနစ်တကျစိုက်ပျိုးလျက်ရှိရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ထောပတ်သီးပင်များအား မိမိတို့နေအိမ်ခြံဝင်းများအတွင်း တနိုင်တစ်ပိုင်စိုက်ပျိုးသူများရှိသကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးကေအများအပြား စိုက်ပျိုးကြသူများလည်းရှိသည်။

ထိုသို့စိုက်ပျိုးကြရာတွင် အအေးဓာတ်လွန်ကဲသော တောင်ပေါ်ဒေသများဖြစ်သည့် မဲနယ်တောင်ကျေးရွာ၊ ပန်းစစ် ကျေးရွာ၊ ဆီးကျအင်းကျေးရွာနှင့် အခြားသော တောင်ပေါ်ကျေးရွာများတွင် မတ်လပိုင်းမှ စတင်ခူးဆွတ်ရောင်းချကြရပြီး မြေပြန့်ဒေသများ၌ စိုက်ပျိုးထားသည့် ထောပတ်သီးများကို ဒီဇင်ဘာလအတွင်း ခူးဆွတ်ရောင်းချကြရကြောင်း သိရသည်။

ယခင်နှစ်တွင် ဒီဇင်ဘာလအတွင်း ပင်းတယမြို့နယ်မှထွက်ရှိသော ထောပတ်သီးအလုံး ၁၀၀ ပါ တစ်အိတ်လျှင် အနည်းဆုံးငွေကျပ်သုံးသောင်းမှ အများဆုံးငွေကျပ်ငါးသောင်းခန့်သာရရှိခဲ့ပြီး၊ ယခုနှစ်တွင် အနည်းဆုံးငွေကျပ် ခြောက်သောင်းမှ အများဆုံးငွေကျပ်ရှစ်သောင်းခန့်ရရှိကြောင်းနှင့် ထောပတ်သီးအလုံးအရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်း ကွာခြားမှုဖြင့် ပင်းတယမြို့နယ်မှတစ်ဆင့် ရန်ကုန်၊ တာချီလိတ်နှင့်အခြားမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ထောပတ်သီးပွဲစားတစ်ဦးထံမှ သိရသည်။

**Source: The Mirror**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5447-get-a-good-price-when-selling-avocados-in-pintaya-township.html

## Coca-Cola မှ နိုင်ငံတကာအမှတ်တံဆိပ် Dasani ရေသန့်အား မြန်မာနိုင်ငံဈေးကွက်အတွင်း မိတ်ဆက်




Coca-Cola ၏ ကမ္ဘာ့အဆင့်မီ ရေသန့်စင်စနစ် စံနှုန်းဝင် နိုင်ငံတကာအမှတ်တံဆိပ် Dasani ရေသန့်အား ၅၅၀ မီလီလီတာနှင့် ၁ လီတာ အရွယ်အစားဗူးများဖြင့် နိုင်ငံတစ်ဝှမ်း ဖြန့်ချိသွားမည်ဖြစ်သည်။ Coca-Cola မှ ရေသန့်အမှတ်တံဆိပ်သစ် Dasani အား မြန်မာနိုင်ငံ ဈေးကွက်အတွင်းသို့တရားဝင် မိတ်ဆက်လိုက်ပြီဖြစ်သည်။ Dasani ရေသန့်အား တစ်ကိုယ်ရည်သောက်သုံးနိုင်ရန် 550ml အရွယ်အစားဖြင့်လည်းကောင်း၊ အများဖြင့်သောက်သုံးနိုင်ရန် 1L အရွယ်အစားဖြင့်လည်းကောင်း နိုင်ငံတစ်ဝှမ်းရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်နှင့်ရုပ်ရှင်ရုံများတို့၌ ရရှိနိုင်ပြီဖြစ်ပါသည်။

Dasani ရေသန့်အား ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံပေါင်း ၁၉ နိုင်ငံ၌ ဖြန့်ချီရောင်းချလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သန့်စင်သည့် နိုင်ငံတကာအမှတ်တံဆိပ် သောက်ရေသန့်အား နေအိမ်တွင်သာမက နေအိမ်ပြင်ပတွင် လှုပ်ရှားသွားလာချိန်များ၌ သောက်သုံးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဈေးကွက်သို့ အရောက်ပို့ဆောင်ပေးနေခြင်းဖြစ်ပါသည်။ အဆိုပါ Dasani အမှတ်တံဆိပ်၏ သန့်စင်ကြည်လင်ကောင်းမွန်သည့် အရည်အသွေးကို ပြသမျှဝေရန်အတွက် ရုပ်မြင်သံကြားနှင့် ဒီဂျစ်တယ် ကြော်ငြာများ၊ မီဒီယာများနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များစသည်တို့မှတဆင့် စားသုံးသူများထံ မိတ်ဆက်ပေးနေပါသည်။

ကမ္ဘာ့အဆင့်မီ ရေသန့်စင်ခြင်းစနစ် စံနှုန်းများဖြင့် အသိအမှတ်ပြုခြင်းခံရသည့် Dasani အမှတ်တံဆိပ် ရေသန့်သည် သောက်သုံးသူများအား သန့်စင်ကြည်လင်သည့် အရည်အသွေးကောင်းကို ပေးစွမ်းသွားမည်ဟု ကတိကဝတ်ပြုထားပါသည်။ "ကျွန်မတို့ Coca-Cola အနေနဲ့ စားသုံးသူတွေရဲ့ အကြံပြုချက် စကားသံတွေကို အမြဲအလေးထားနားထောင်နေပြီးတော့ လုပ်ငန်းကိုရှေ့ဆက်နေပါတယ်။ စားသုံးသူတွေကလည်း ခေတ်ရဲ့ပြောင်းလဲလာတဲ့ လူနေမှုပုံစံများကြောင့် သူတို့ရဲ့ နေ့စဉ်လုပ်ငန်းတွေကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ဖို့အတွက် အခက်အခဲရှိနေတာကို တွေ့ရပါတယ်။ နေ့စဉ်လှုပ်ရှားနေကြရတဲ့ဘဝမှာ အထောက်အကူဖြစ်စေဖို့နဲ့ ကောင်းမွန်တဲ့ဦးတည်ချက်တွေနဲ့ ရှေ့ဆက်နိုင်ဖို့အတွက် သန့်စင်ကြည်လင်လန်းဆန်းစေတဲ့ သောက်သုံးစရာတွေကို ရွေးချယ်ဝယ်ယူတတ်ကြပါတယ်။ ဒါကြောင့် လိုအပ်ချက်ကိုဖြည့်ဆည်းပေးဖို့ရာ ကျွန်မတို့ရဲ့ ကမ္ဘာ့အဆင့်မီ သန့်စင်ထားတဲ့ Dasani ရေသန့်ကို မြန်မာနိုင်ငံဈေးကွက်မှာ မိတ်ဆက်ဖြန့်ချိနိုင်တဲ့အတွက် တကယ်ကို ဝမ်းမြောက်မိပါတယ်" ဟု Coca-Cola လုပ်ငန်း၏ မားကတ်တင်းဒါရိုက်တာဖြစ်သူ Ms. Richa Singh မှ ပြောကြားသွားခဲ့ပါသည်။ ဆက်လက်ပြီး "သန့်စင်ကြည်လင်တဲ့ Dasani ကိုသောက်ပါ" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်မတို့ရဲ့ ရေသန့်က Coca-Cola ရဲ့ ကမ္ဘာ့အဆင့်မီ ရေသန့်စင်ခြင်းစနစ်နဲ့ ထုတ်လုပ်ထားပါတယ်။ ကျွန်မတို့ရဲ့ စားသုံးသူတွေအားလုံး ကောင်းမွန်သန့်စင်ကြည်လင်တဲ့ ရေကိုသောက်သုံးရတဲ့အတွက် ရေဓာတ်ပြည့်ဝပြီး နေ့စဉ်ဘဝမှာ ရည်မှန်းချက်တွေကို ပိုမိုအာရုံစိုက်နိုင်စေဖို့၊ တစ်နေ့တာကို အကောင်းဆုံးဖြတ်သန်းနိုင်စေဖို့လည်း မျှော်လင့်ပါတယ်။" ဟုလည်း ပြောကြားခဲ့ပါသည်။ Dasani ရေသန့်အား 550ml နှင့် 1L အရွယ်အစားနှစ်မျိုးဖြင့် ထုတ်လုပ်ထားပြီး မြန်မာနိုင်ငံတစ်ဝှမ်းရှိဆိုင်များ၌ ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ Dasani နှင့် ပတ်သက်သည့် နောက်ဆုံးရသတင်းများနှင့် ပရိုမိုးရှင်းများအကြောင်းအား https://www.facebook.com/dasanimm တွင် ဖတ်ရှုနိုင်ပါသည်။

**Source: Dasani**

https://www.foodindustrydirectory.com.mm/food-industry/food-health/item/5448-coca-cola.html

## မန္တလေးကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက် ဈေးအေးနေ

မန္တလေးအနီးတစ်ဝိုက် ပဲစိုက်ပျိုးရာဒေသများမှ မတ်ပဲ၊ ပဲလွန်းဖြူနှင့် ပဲယင်းအသစ်များ မန္တလေးကုန်စည်ဒိုင်သို့ ဝင်ရောက်လျက်ရှိကြောင်း၊ ဇန်နဝါရီလလယ်လောက်တွင် ပဲမျိုးစုံလှိုင်လှိုင်ထွက်ရှိမည်ဖြစ်ကြောင်း လှောင်လက်လက်ကျန်ပဲများနည်းလာပြီး ပြည်ပတင်ပို့မှုအေး၍ ဈေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၆၇၀၀၀ မှ ၁၇၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၆၃၀၀၀ မှ ၁၇၀၀၀၀၊ ယခင်လ ကျပ် ၁၇၅၀၀၀ မှ ၁၇၈၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက်ကျပ် ၈၀၀၀ နိမ့်ကျလာသည်။

**ပဲလွန်းဖြူ** ၆၀ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၂၀၀၀၀ မှ ၁၂၇၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၆၀၀၀၀၊ ယခင်လ ကျပ် ၉၅၀၀၀ မှ ၉၆၀၀၀၊ ယခင် တစ်ပတ်ထက် ကျပ် ၃၃၀၀၀ မှ ၄၀၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက် ကျပ် ၂၅၀၀၀ မှ ၃၁၀၀၀ မြင့်တက်လာသည်။

**ပဲယင်း (ကြီး)** ၆၀ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၀၈၀၀၀ မှ ၁၁၀၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၅၀၀၀ မှ ၁၀၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက်ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀ မြင့်တက်လာသည်။

**ပဲတီစိမ်း(အညာ)** ၅၆.၂၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၃၅၀၀၀ မှ ၁၄၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၂၅၀၀၀ မှ ၁၃၈၀၀၀ ၊ ယခင်လ ကျပ် ၁၃၀၀၀၀ မှ ၁၄၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၁၀၀၀၀ ၊ ယခင်လထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုဟိုဋ္ဌာန

## ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၂ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ကုန်သွယ်မှုသတင်း

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လူသုံးကုန်ပစ္စည်းများ အနေဖြင့် T-SHIRT(MEN) နှင့် Zinc water Pot တို့ကိုတင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၆၅၀ ဒေါ်လာ တင်သွင်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်အနေဖြင့် ငါးမြစ်ချင်းတန်ချိန် ၁၄၅ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်း တန်ချိန် ၉၈ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန်ပိုမို၍ တင်ပို့နိုင်ခဲ့ကြောင်းသိရပါသည်။ ယခုအပတ် ငါးမြစ်ချင်း တင်ပို့နိုင်မှုငွေပမာဏမှာ ၁၇၉၅၉၈ ဒေါ်လာတင်ပို့မှုရှိခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်မှုကုန်ချောအနေဖြင့် ဇီးယိုထုပ် တန်ချိန် ၂၀ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဇီးယိုထုပ် တန်ချိန် ၇၅ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဇီးယိုထုပ်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ဇီးယိုထုပ် တင်ပို့နိုင်မှုငွေပမာဏမှာ ၅၀၀၀ ဒေါ်လာတင်ပို့မှုရှိခဲ့ကြောင်း သတင်းရရှိပါသည်။

Source: သဇင်မြေကုန်သွယ်မှုဇုဟိုဋ္ဌာန

## ကန်ပိုက်တည်ကုန်သွယ်ရေးစခန်းမှ ရှောက်ကောတင်ပို့မှုအခြေအနေ

ကန်ပိုက်တည်ကုန်သွယ်ရေးစခန်း၏ ၃-၁၂-၂၀၂၂ မှ ၉-၁၂-၂၀၂၂ ရက်ထိ ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၃၈၂ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့သည်။ ယခုအပတ် ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောအပြင် ရှောက်ကောနှင့် သံသတ္တုရိုင်းတို့တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့်စက်ပစ္စည်း များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဝါယာကြိုးများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူ များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

ကန်ပိုက်တည် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကချင်ပြည်နယ်အတွင်းရှိ ချီဖွေ၊ ဆော့လော်နှင့်ကန်ပိုက်တည် ဒေသပတ်ဝန်းကျင်မှထွက်ရှိသော ရှောက်ကောအစို (ဖာလာအနွယ်ဝင်)များအား ယခု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ လဆန်းပိုင်းမှ စ၍ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ ရှောက်ကောအစို တစ်တန်လျှင် ၅၀၀၀ ယွမ်နှုန်းဖြင့် တင်ပို့ပြုပြင်ကာ ဟင်းခတ် အမွှေးအကြိုင်အဖြစ် အသုံးပြုကြကြောင်းသိရသည်။ **Source:** ကြေးမုံသတင်းစာ

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသော မြန်မာ့ရေချိုငါး ငါးမြစ်ချင်း



Source: ကြေးမုံသတင်းစာ

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဒေသအလိုက် အဓိက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့တွင် ငါးမွေးမြူရေးကန်များကို စီးပွားဖြစ်တူးဖော် လုပ်ကိုင်လျက်ရှိသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိရာတွင် ရေထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် မြန်မာ့ရေချိုငါး ငါးမြစ်ချင်းများအား မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း မြန်မာ့ရေချိုငါး ငါးမြစ်ချင်း တန်ချိန် ၅၁၈၀ ဒသမ ၆ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ခြောက်လတာ ကာလအတွင်း မြန်မာ့ရေချိုငါး ငါးမြစ်ချင်းတန်ချိန် ၅၁၉၅ ဒသမ ၂ တန် တင်ပို့နိုင်ခဲ့ပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ကာလထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ပြင်ပငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၂၇၇၈ ကျပ်၊ တစ်ဒေါ်လာလျှင် ၁၁၂ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

Source: ကြေးမုံသတင်းစာ

## ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုး ၁၈ ရာခိုင်နှုန်းမြင့်တက်



Source: ကြေးမုံသတင်းစာ

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ယခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်အလားတူကာလကထက် ၁၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကမ္ဘောဒီးယား အကောက်ခွန်ဌာန၏ မှတ်တမ်းများအရသိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်များတွင် အဝတ်အထည်၊ ဖိနပ်၊ ခရီးသွား လုပ်ငန်းဆိုင်ရာထုတ်ကုန်များ၊ စက်ဘီး၊ ဆန်၊ ရော်ဘာ၊ သီဟိုဠ်စေ့၊ ငှက်ပျောသီးနှင့် သရက်သီးများပါဝင်ကြောင်း ကမ္ဘောဒီးယားမှ ပြည်ပပို့ကုန် အဓိကတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ ဂျာမနီ၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့ဖြစ်သည်။

ပြည်ပနိုင်ငံများမှ တင်သွင်းသည့်ကုန်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အထည်ချုပ်လုပ်ငန်းဆိုင်ရာ ကုန်ကြမ်း များ၊ ဖိနပ်၊ ခရီးသွားလုပ်ငန်းဆိုင်ရာထုတ်ကုန်များ၊ မော်တော်ယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့်လျှပ်စစ်ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ဒေသတွင်း ပြီးပြည်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် (RCEP)နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်(CCFTA)တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရေး အတွက် အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။ အဆိုပါ သဘောတူညီချက်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍကို ရေရှည်အကျိုးရှိစေမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်များသည် တရုတ်နိုင်ငံပါဝင်သည့် ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများရှိ ဈေးကွက်များအထိ ကျယ်ပြန့်စွာရောက်ရှိနေကြောင်း ၎င်းကပြောကြားသည်။

**Source:** ကြေးမုံသတင်းစာ

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Dec. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +300 | +3.37% | 9,000 | 9,200 | 9,000 | 1,153 | 10,490,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 1,486 | 4,978,350 | 38,929,150 | 132,359 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,700 | 7,700 | 7,600 | 6 | 45,900 | 10,400,986 | 79,048 |
| FPB | 00004 | 19,000 | -500 | -2.56% | 19,500 | 19,500 | 19,000 | 203 | 3,872,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 2 | 5,100 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 3 | 7,800 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 100 | 490,000 | 10,497,598 | 51,438 |


## Market summary

As of 12th Dec. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.85 | +4.60 | +1.16% | 397.25 | 401.85 | 397.25 | 2,953 | 19,889,750 | 7 | 699,063 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 12th Dec. 2022

| MYANPIX | 401.85 ▲ 4.60 |
|---|---|
| Total Volume (shares) | 2,953 |
| Total Value (MMK) | 20 mil |
| Listed Company | 7 |
| Market Cap. (MMK) | 699,063 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 300 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 19,000 | ▼ 500 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,600 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |